


**VOLUME I, ISSUE 18** 2 February 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ | ၁ |
| ၂ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကြေညာချက်အမှတ် ၁/၂၀၂၂ ထုတ်ပြန် | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်၊ **MRTV News Channel** နှင့် **MRTV DTH** စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် | ၄ |
| ၄ | (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် အောင်မြင်စွာကျင်းပပြီးစီး | ၉ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၀ |
| ၆ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ် | ၁၂ |
| ၇ | တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းစွာ သွားလာလှုပ်ရှားလျက်ရှိ | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၁,၅၀၀ ခန့်ရှိခဲ့ | ၂၁ |
| ၉ | မြိုင်မြို့နယ်၌ သီလရှင်ဆရာကြီး ၁ ပါးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ် | ၂၂ |
| ၁၀ | PDF အကြမ်းဖက်အဖွဲ့မှ မဟုတ်မမှန်လုပ်ကြံဆွဲဆောင်စည်းရုံးမှုကြောင့် ကယားပြည်နယ် ဘက်သို့ ထွက်ခွာလာသည့် ကျောင်းသား ၅ ဦးအား မိဘရင်ခွင်သို့ ပြန်လည် ပို့ဆောင်အပ်နှံပေးမှု | ၂၃ |
| ၁၁ | PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ နေအိမ် ၂၀၀ လုံးခန့် မီးလောင်ပျက်စီး | ၂၅ |
| ၁၂ | လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်အား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး လူနာတင်ယာဉ်အား မီးရှို့ | ၂၇ |
| ၁၃ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH/ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ | ၂၉ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၂)ကို ဇန်နဝါရီလ ၃၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေး မတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့ပါသည်။

အစည်းအဝေးတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကျိုးအကြောင်းဖော်ပြလျက် အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန်ကိစ္စနှင့်စပ်လျဉ်း၍-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေများ။
- နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက် ငြိမ်းချမ်းစွာဆန္ဒပြဖော်ထုတ်မှုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများအဆင့်ထိ ပြောင်းလဲလာသည့် အခြေအနေများ။
- စီးပွားရေးတွင် နိုင်ငံတကာမှ ဝိုင်းဝန်းပိတ်ဆို့ခံနေရမှုအခြေအနေများနှင့် ပြန်လည်တိုးတက်အောင် စီမံဆောင်ရွက်နေမှုအခြေအနေများ။
- ဘာသာ၊ သာသနာဖျက်ဆီးခံနေရမှုအခြေအနေများနှင့် ၎င်းတို့ကို တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နေမှုအခြေအနေများ။
- ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် အကောင်အထည်ဖော်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး



လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မှုအခြေအနေများ၊

- နိုင်ငံတော်၏လက်ရှိအခြေအနေအရ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

ယာယီသမ္မတ ဦးမြင့်ဆွေက ဖြစ်ပေါ်လာသည့်အခြေအနေအရပ်ရပ်အပေါ် သုံးသပ်ခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအရ အရေးပေါ် အခြေအနေကြေညာထားသည့်ကာလအား ၆ လသက်တမ်းတိုးလိုက်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**

- **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၂)ကို ဇန်နဝါရီလ ၃၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ခဲ့ပြီး ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအရ ခွင့်ပန်ကြားခဲ့။**
- **အစည်းအဝေးတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကျိုးအကြောင်းဖော်ပြလျက် အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ကိစ္စရပ်များနှင့် နိုင်ငံတော်၏လက်ရှိအခြေအနေအရ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့။**
- **ယာယီသမ္မတက ဖြစ်ပေါ်လာသည့်အခြေအနေအရပ်ရပ်အပေါ် သုံးသပ်ခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအရ အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား ၆ လသက်တမ်းတိုးလိုက်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာခဲ့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကြေညာချက်အမှတ် ၁/၂၀၂၂ ထုတ်ပြန်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးကို ဇန်နဝါရီလ ၃၁ ရက် တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယာယီ သမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေ အနေကြေညာထားသည့်ကာလအား ခြောက်လသက်တမ်း တိုးမြှင့်ကြောင်းကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

## ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ကြေညာချက်အမှတ် ၁/၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)**

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၀၉၃၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို အလေးထား ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို ချိုင့်သုံးသပ်မှုများအရ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ၎င်းတို့ကို အားပေးနေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ လိုလားချက်သည် ဒီမိုကရေစီထက် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် အခြေအနေများနှင့် လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအချို့တို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများရှိနေသကဲ့သို့ နိုင်ငံအတွင်း မြို့နယ်အချို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများခန့်ထားရန် ကျန်ရှိနေသေးသည့် အခြေအနေများကြောင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၉ အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၅ အရ တင်ပြခဲ့သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ယာယီသမ္မတ အပါအဝင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ တက်ရောက်ကြကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပုံ**

**မြင့်ဆွေ**

**ယာယီသမ္မတ**

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**

- **အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေး တို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာ ထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၅ အရ တင်ပြခဲ့။**
- **ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏တင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ခြောက်လသက်တမ်း တိုးမြှင့်ကြောင်း ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်






(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်း အနားကို ဖေဖော်ဝါရီလ ၁ ရက်တွင် နေပြည်တော်ကောင်စီနယ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်မော်ကွန်းအား အမွေးနံ့သာရည် ပက်ဖြန်းနေမှု**

မြေ၊ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြတိုက်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် အဆောက်အဦပုံစံငယ်များနှင့် တာဝါပုံစံငယ်များ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ် သက်တမ်းရှိ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တီးဝိုင်းနှင့် တူရိယာပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဓာတ်ပြားစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်စာစောင်များအပါအဝင် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့်သက်ဆိုင်သည့် အခြားစက်ပစ္စည်း ကိရိယာပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီး စိန်ရတုပြတိုက်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌-

- မြန်မာ့အသံသည် လွတ်လပ်ရေးနှင့်အတူ တည်ရှိလာသော ဌာနတစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးကို အသိပညာနှင့် ဗဟုသုတဖြန့်ဖြူးပေးသော ဌာနကြီးဖြစ်ကြောင်း၊ ယခုအခါစိန်ရတုကာလကျော်လွန်လာပြီဖြစ်ကြောင်း၊ ယခင်နှစ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိစဉ် စိန်ရတုပြတိုက်တည်ဆောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုတစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အဆောက်အဦကို ဖွင့်လှစ်နိုင်သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း။
- တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခုဖြစ်အောင် ဝိုင်းဝန်းထူထောင်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- ယခုကဲ့သို့အခြေအနေတွင် ပြည်ပပယောဂအနှောင့်အယှက်များကင်းရှင်းစေရန်နှင့် ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များကို တရားဥပဒေဘောင်အတွင်းက အေးချမ်းတည်ငြိမ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်သကဲ့သို့ ဆူပူအုံကြွမှုများဖန်တီးပြီး အကြမ်းဖက်လမ်းစဉ်များဖြင့် တိုင်းဖျက်ပြည်ဖျက် လုပ်ဆောင်နေမှုများကို ပြည်သူအားလုံးက အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း နားလည်သဘောပေါက်ကြရန်နှင့် ဝိုင်းဝန်းဆန့်ကျင်ဟန့်တားပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။
- မီဒီယာကဏ္ဍအနေဖြင့် ပြည်သူများအတွက် ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ်လူငယ်များ ဖြစ်အောင်ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ပေးအပ်နေမှု**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အဦပုံစံငယ်များနှင့် ၇၅ နှစ်သက်တမ်းရှိ မြန်မာ့ဆိုင်းဝိုင်းကြီးကို ကြည့်ရှုနေမှု**

မှု၊ လမ်းညွှန်ပြသမှုတို့ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

- သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများထုတ်လွှင့်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုများ မပြုလုပ်ကြရန် ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရမည်ဖြစ်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုထံရောက်အောင် ထုတ်လွှင့်ဖော်ပြပေးနိုင်ရန်လိုအပ်ကြောင်း။
- နိုင်ငံပိုင်မီဒီယာဖြစ်သည့် MRTV အနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ဦးထိပ်ထားကာ စီစဉ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို မီဒီယာနည်းလမ်းများဖြင့် အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းကြောင်း။
- ယနေ့စတင်ဖွင့်လှစ်မည့် MRTV News Channel သည် တချို့ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံကို အန္တရာယ်ရှိစေမယ့် သတင်းအတု၊ အယောင်၊ သတင်းမှားများ၊ ကောလာဟလများနှင့် တိုင်းပြည်တွင် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်လုပ်ကြံဖန်တီးလာမှုများအပေါ် သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်ခြင်းဖြင့် ပြည်သူများ သတင်းမှန် သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ပြည်သူများ၏ လူမှုအကျိုးစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍတွင် အဓိကထောက်တိုင်ကြီးတစ်ခုဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်ရရှိစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ပဓာနကျသည့် မီဒီယာကြီးလည်းဖြစ်ကြောင်း။
- တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း နိုင်ငံအကျိုး၊ နိုင်ငံသားများ အကျိုးကို စိတ်ကောင်းစေတနာအပြည့်၊ ဇွဲလုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပိုမိုသယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်အဖြစ် MRTV News Channel နှင့် MRTV DTH စနစ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၂-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိန်ရတုပြတိုက်အတွင်းခင်းကျင်းပြသထားမှုများကို ကြည့်ရှုနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိန်ရတုပြတိုက်အတွင်းခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးနေမှု

- မြန်မာ့အသံသည် လွတ်လပ်ရေးနှင့်အတူ တည်ရှိလာသောဌာနတစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးကို အသိပညာနှင့် ဗဟုသုတ ဖြန့်ဖြူးပေးသော ဌာနကြီးဖြစ်။
- တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခု ဖြစ်အောင် ဝိုင်းဝန်းထူထောင်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- မီဒီယာကဏ္ဍအနေဖြင့် ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ် လူငယ်များ ဖြစ်အောင်ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေးမှု၊ လမ်းညွှန်ပြသမှုတို့ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်။
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ပြည်သူများ၏ လူမှုအကျိုး စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍတွင် အဓိကထောက်တိုင်ကြီးတစ်ခုဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ် လူငယ်များကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်ရရှိစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ပဓာန ကျသည့် မီဒီယာကြီးလည်းဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ကာ တက်ရောက်လာကြသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က MRTV News Channel နှင့် MRTV DTH စနစ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က MRTV DTH Receiver နှင့် ၂ ပေစလောင်းတစ်စုံ လက်ဆောင်ပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်သူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်နေမှု





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် လက်ဖက်ရည်အတူတကွသောက်သုံးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု**

---

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် အောင်မြင်စွာကျင်းပပြီးစီး





(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ရာ ဝန်ကြီးဌာနများရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

အဆိုပါပွဲတော်တွင် ပြခန်းအမျိုးအစား ၄၀ ကျော် ပါဝင်ခင်းကျင်းပြသခဲ့ပြီး သိပ္ပံနှင့် နည်းပညာပြခန်း၊ လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတို့တွင် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များကိုယ်တိုင် အဆင့်မြင့်တိုက်လေယာဉ်၊ ရဟတ်ယာဉ်များ၊ သင်္ဘောများကို စမ်းသပ်မောင်းနှင်နိုင်မည့် simulator များ ထားရှိပေးထားသည့်အတွက် ၎င်းပြခန်းတို့တွင် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို ကောင်းမွန်ထိရောက်သော ရည်ရွယ်ချက်များဖြင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင် စည်းကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များဘက်မှလည်း စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့မှုကြောင့် ပွဲတော်အား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**





- နိုင်ငံတော်အစိုးရအနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို ကောင်းမွန်ထိရောက်သော ရည်ရွယ်ချက်များဖြင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင် စည်းကားသိုက်မြိုက်စွာကျင်းပပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ဘက်မှလည်း စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင် ဆင်နွှဲခဲ့မှုကြောင့် ပွဲတော်အား အောင်မြင်စွာကျင်းပနိုင်ခဲ့။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ





တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၁ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၁၉ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၈ ဒသမ ၉၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၂၅ သန်းရှိကာ မြန်မာ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု**

နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၄၁ ဒသမ ၁၃ သန်းထိုးနှံပြီးဖြစ်။

- ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၃၁-၁-၂၀၂၂ ရက်အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပြန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ)အား ၂၈-၂ -၂၀၂၂ ရက် အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။
- နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် ကိုဗစ်ရောဂါပိုး ကူးစက်မှုအန္တရာယ်ကို ဆက်လက်တားဆီးကာကွယ်နိုင်ရေးအတွက် နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များအား မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ချက်ဆိုင်ရာ ညွှန်ကြားချက်အဖြစ် ၃၁-၁၂-၂၀၂၀ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို ၂၈-၂-၂၀၂၂ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။
- ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာအစီအမံများအားလုံးကို ၃၁-၁-၂၀၂၂ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်ကာလကို ၂၈-၂-၂၀၂၂ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။
- မကွေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံ၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းထားသော Oxygen Plant စက်ရုံအား ဇန်နဝါရီလ ၃၀ ရက်တွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့။
- မြန်မာနိုင်ငံ၌ ၁-၂-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၃၁၀ ဦးရှိပြီး ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၃၆ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၇၄ ဦးတို့ဖြစ်ပါသည်။ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၃၆ ဦးမှာ မြန်မာနိုင်ငံသား ၂၁၆ ဦးနှင့် နိုင်ငံခြားသား ၂၀ ဦးတို့ဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉,၉၈၃ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၆၁ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၂.၁၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၃၉၃,၆၂၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၆,၃၉၃ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၉,၃၁၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၂-၂၀၂၂)**

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၁ ရက်အထိ လူဦးရေ စုစုပေါင်း ၂၂ ဒသမ ၁၉ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၈ ဒသမ ၉၄ သန်း နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၂၅ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၄၁ ဒသမ ၁၃ သန်းထိုးနှံပြီးဖြစ်။
- မြန်မာနိုင်ငံ၌ ၁-၂-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၃၁၀ ဦး ရှိပြီး ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၃၆ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၇၄ ဦးတို့ဖြစ်။
- နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များအား မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ချက်ဆိုင်ရာညွှန်ကြားချက်အဖြစ် သက်ရောက်မှုကာလကို ၂၈-၂-၂၀၂၂ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။
- ၁-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၃၉၃,၆၂၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၆,၃၉၃ ဦး နှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦး ဖြစ်ပြီး ၁-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၂.၁၅ ရာခိုင်နှုန်းရှိ။

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်



**ပဲခူးမြို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထောက်ခံပွဲ ပြုလုပ်နေမှု**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲများ ပြုလုပ်လျက်ရှိပါသည်။

- ဇန်နဝါရီလ ၃၁ ရက်တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁ မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၆ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၈ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃ မြို့






**တာချီလိတ်မြို့နှင့် မိုင်းဖြတ်မြို့တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထောက်ခံပွဲ ပြုလုပ်နေမှု**

နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅ မြို့နယ်တို့၌ အသီးသီးပြုလုပ်ခဲ့ကြပြီး အကြမ်းဖက်သမားများအား ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့။

- ဖေဖော်ဝါရီလ ၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ၈ မြို့ နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၆ မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၅ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၄ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၇ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၈ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၂ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ အသီးသီးပြုလုပ်ကြပြီး အကြမ်းဖက်သမားများအား ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့။

ဆန္ဒဖော်ထုတ်ရာတွင် ပြည်သူများက– “NUG၊ CRPH၊ PDF အကြမ်းဖက်သမား အလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ ပြည်ဖျက်သည့် CRPH၊ NUG လူသတ်သည့် PDF ဆန့်ကျင်ကြ၊ NUG၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်၊ အကြမ်းဖက်လူသတ်သမား PDF အဖွဲ့များ အမြန်ဆုံးကျဆုံးပါစေ’’ စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၂-၂၀၂၂)**

- **ဇန်နဝါရီလ ၃၁ ရက်တွင် တိုင်းဒေသကြီး ၅ ခုနှင့် ပြည်နယ် ၆ ခုရှိ မြို့နယ် ၅၃ မြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အား ထောက်ခံပွဲများ ပြုလုပ်ခဲ့ပြီး အကြမ်းဖက်သမားများအား ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့။**
- **ဖေဖော်ဝါရီလ ၁ ရက်တွင် တိုင်းဒေသကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ၈ မြို့နယ်၊ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၆ ခုရှိ မြို့နယ် ၁၁၉ မြို့နယ်တို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အား ထောက်ခံပွဲများ ပြုလုပ်ခဲ့ပြီး အကြမ်းဖက်သမားများအား ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့။**
- **ဆန္ဒဖော်ထုတ်ရာတွင် ပြည်သူများက–“မြန်မာ့ပြည်တွင်းရေး ပြည်ပဖြည့်စွက်မှု အလိုမရှိ၊ ပြည်ဖျက်သည့် CRPH၊ NUG လူသတ်သည့် PDF ဆန့်ကျင်ကြ၊ NUG၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ်” စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထောက်ခံပွဲ ပြုလုပ်နေမှု မှတ်တမ်းဓာတ်ပုံများ



မန္တလေးမြို့



စစ်တွေမြို့



မိတ္ထီလာမြို့



မော်လိုက်မြို့



လောက်ကိုင်မြို့

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထောက်ခံပွဲ ပြုလုပ်နေမှု မှတ်တမ်းဓာတ်ပုံများ



မြစ်ကြီးနားမြို့



ခန္တီးမြို့



နေပြည်တော်ကောင်စီနယ်မြေ



အမ်းမြို့



အောင်ပန်းမြို့

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထောက်ခံပွဲ ပြုလုပ်နေမှု မှတ်တမ်းဓာတ်ပုံများ



ဒေးဒရဲမြို့



မုဒုံမြို့



ရန်ကုန်မြို့



လားရှိုးမြို့



တောင်ကြီးမြို့

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းစွာ သွားလာလှုပ်ရှားလျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ဈေး၌ ပြည်သူများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကားနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ တာဝန်ယူသည့် ၁ နှစ်ပြည့်သည့် ဖေဖော်ဝါရီလ ၁ ရက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှား ဆောင်ရွက်နိုင်မှု မရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပျက်စီးစေရေး အတွက် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏နိုင်ငံရေးလိုလားချက် ပြည့်ဝစေရန် Silent Strike ခေါ် အသံတိတ်လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေးလုပ်ဆောင်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ပေးခဲ့ရာ−

- မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို အောင်မြေသာစံ မြို့နယ်၊ ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့၌ ပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒေသခံပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့။
- ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အတုလမာရဇိန်မြတ်စွာဘုရား၊ မြို့လယ်ဓမ္မာရုံကြီး၌ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့။
- ရခိုင်ပြည်နယ်လုံးကျွတ် သံဃာတော်များအား ဆွမ်းတော်ကြီးလောင်းလှူပွဲကို စစ်တွေမြို့၊ လောကနန္ဒာစေတီတော် မြတ်ကြီးဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆပ်ကပ်လောင်းလှူခဲ့။
- ပဲခူးတိုင်းဒေသကြီးတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို မာရသွန် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒေသခံပြည်သူများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖေဖော်ဝါရီလ ၁ ရက်၌ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုဆုတောင်းသူ သက်ဆိုင်ရာဘာသာဝင်များဖြင့် စည်းကားခဲ့ပြီး ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများလည်း တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်းဖွင့်လှစ်ပြေးဆွဲခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၂-၂၀၂၂)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းစွာ သွားလာလှုပ်ရှားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



ပြည်သူများ အေးချမ်းစွာ ဘုရားဖူးနေမှု




ဈေးဝယ်စင်တာများတွင် ရောင်းဝယ်နေမှု




ပဲခူးမြို့တွင် မီနီမာရသွန်ပြိုင်ပွဲကျင်းပပြုလုပ်နေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖေဖော်ဝါရီလ ၁ ရက်၌ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုဆုတောင်းသူ သက်ဆိုင်ရာဘာသာဝင်များဖြင့် စည်းကားခဲ့ပြီး ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများလည်း တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်းဖွင့်လှစ်ပြေးဆွဲခဲ့။

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းစွာ သွားလာလှုပ်ရှားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ





တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဘာသာရေးဆိုင်ရာ လှူဒါန်းပွဲများကျင်းပနေမှု



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် စက်ဘီးစီး ပြိုင်ပွဲပြုလုပ်နေမှု





တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပြုလုပ်နေမှု

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းစွာ သွားလာလှုပ်ရှားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ






ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေမှု



ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့မဈေးတွင် ပြည်သူများ ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားနေမှု




မကွေးမြို့တွင် ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပနေမှု



ပြည်သူများ ပုံမှန်အတိုင်းသွားလာလှုပ်ရှားနေမှု

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၁,၅၀၀ ခန့်ရှိခဲ့




၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၁,၅၀၀ ခန့်ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ-

- တာချီလိတ်နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂.၁၆၅ သန်းရှိခဲ့။
- မြဝတီနယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၅၈.၂၄၉ သန်းရှိခဲ့။
- ကော့သောင်းနယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀.၃၅၃ သန်းရှိခဲ့။
- မြိတ်နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂.၀၄၆ သန်းရှိခဲ့။
- ထီးခီးနယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၆၁.၀၉၁ သန်းရှိခဲ့။
- မော်တောင်နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅.၃၆၆ သန်းရှိခဲ့။
- စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇၀.၇၃၆ သန်းရရှိခဲ့ပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၈.၅၃၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁,၄၉၉.၂၇ သန်းရှိခဲ့။

ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်နေပြီး ဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်မှုကဏ္ဍတို့ပါဝင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၁-၂၀၂၂)**



- ၂၀၂၁ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇၀.၇၃၆ သန်းရရှိခဲ့ပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၈.၅၃၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁,၄၉၉.၂၇ သန်းရှိခဲ့။
- ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်လျက်ရှိ။

---

## မြိုင်မြို့နယ်၌ သီလရှင်ဆရာကြီး ၁ ပါးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်

ဇန်နဝါရီလ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝက်ကျုံးကျေးရွာ၌ သီလရှင်ဆရာကြီး ၁ ဦးအား PDF အကြမ်းဖက်သမားများက သတ်ဖြတ်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ ဝက်ကျုံးကျေးရွာရှိ သာသနဒ္ဓဇောတိကာရုံကျောင်းတိုက်(မြောက်)ကျောင်း၌ သီလရှင်ဆရာကြီး ဒေါ်နန္ဒသီရိ (၅၇)နှစ် ၁၅ ဝါသည် အဆိုပါဘုန်းတော်ကြီးကျောင်းဆောင်ဘေးရှိ အဖီတဲအတွင်း၌ တစ်ပါးတည်းရှိနေစဉ် အကြမ်းဖက်သူ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးတို့သည် mask များတပ်ဆင်လျက် ဆိုင်ကယ် ၂ စီးဖြင့် ကျောင်းရှေ့သို့ရောက်ရှိကာ ၎င်းတို့အနက်မှ အမျိုးသား ၃ ဦးသည် ဘုန်းကြီးကျောင်းအုတ်တံတိုင်းအား ကျော်တက်ဝင်ရောက်လာပြီး သီလရှင်ဆရာကြီးအား ပစ္စတိုသေနတ်ဖြင့် ၂ ချက် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့ရာ သီလရှင်ဆရာကြီးတွင် နဖူးကျည်ဖောက်ဝင်ဒဏ်ရာနှင့် ဝဲမျက်ခုံးအထက် ကျည်ဖောက်ဝင်ဒဏ်ရာတို့ရရှိကာ အခင်းဖြစ်နေရာရှိမြေကြီးပေါ်တွင် လဲကျသေဆုံးတွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ၊ ရဟန်းသံဃာ/သီလရှင်များအား လုပ်ကြံသတ်ဖြတ်မှုများနှင့် အပြစ်မဲ့ပြည်သူများအပေါ် လုပ်ကြံသတ်ဖြတ်မှုများအား စိတ်နှလုံးညှိုးနွမ်းဖွယ်ရာ လုပ်ဆောင်လျက်ရှိသဖြင့် ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ၍ နာကျည်းမုန်းတီးလျက်ရှိပါသည်။

ထိုကဲ့သို့ သာသနာအနွယ်ဝင် သီလရှင်ဆရာကြီးအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**



အကြမ်းဖက်သမားများ ရက်စက်စွာ သတ်ဖြတ်ခြင်းခံရသည့် သီလရှင် ဒေါ်နန္ဒာသီရိ

- မြိုင်မြို့နယ်၌ သီလရှင်ဆရာကြီး ၁ ပါးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များက သာသနာအန္တယ်ဝင် သီလရှင်ဆရာကြီးအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ။


## PDF အကြမ်းဖက်အဖွဲ့မှ မဟုတ်မမှန်လုပ်ကြံဆွဲဆောင်စည်းရုံးမှုကြောင့် ကယားပြည်နယ်ဘက်သို့ ထွက်ခွာလာသည့် ကျောင်းသား ၅ ဦးအား မိဘရင်ခွင်သို့ ပြန်လည်ပို့ဆောင်အပ်နှံပေးမှု

CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ ညွှန်ကြားချက်ဖြင့် PDF အကြမ်းဖက်အဖွဲ့မှ မဟုတ်မမှန်လုပ်ကြံဆွဲဆောင်စည်းရုံးမှုကို နားယောင်ကာ ကယားပြည်နယ်ဘက်သို့ ထွက်ခွာလာသော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက (ရွှေမြဟာ)မှ ကျောင်းသား ၈ ဦးအနက် ၅ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ရှာဖွေစုံစမ်းခဲ့ရာ တောင်ငူမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၌ ဇန်နဝါရီလ ၃၀ ရက်တွင် ပြန်လည်တွေ့ရှိခဲ့ပြီး မိဘများ၏ရင်ခွင်သို့ ပြန်လည်ပို့ဆောင်အပ်နှံပေးခဲ့ကြောင်းသိရှိရပါသည်။

ဇန်နဝါရီလ ၂၉ ရက်တွင် CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်အောက်ခံအဖွဲ့ဖြစ်သော ကယားပြည်နယ်ရှိ PDF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(ရွှေမြဟာ)မှ နဝမတန်းကျောင်းသားများဖြစ်သော မောင်ဖွဲ့သက်ပိုင် (၁၅)နှစ်၊ မောင်ရဲမင်းထွေး (၁၆)နှစ်၊ မောင်အောင်နိုင်သူ (၁၆)နှစ်၊ ဒသမတန်းကျောင်းသားများဖြစ်သော မောင်ဥက္ကာမင်းမောင်(၁၅)နှစ်၊ မောင်ကောင်းသန့်နိုင်(၁၅)နှစ်၊ မောင်သန်းထိုက်(၁၅)နှစ်၊ မောင်သိန်းသန်းရွှေ (၁၆)နှစ်နှင့် အောင်မြင့်မြတ်တို့အား အင်တာနက်လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်၍ မဟုတ်မမှန် လုပ်ကြံစည်းရုံးမှုများ ဆောင်ရွက်ကာ ကယားပြည်နယ်သို့ လာရောက်ရန် ပြောကြားခဲ့သဖြင့်-

- အပြစ်မဲ့ကျောင်းသား ၈ ဦးသည် PDF အကြမ်းဖက်သမား၏ ဆွဲဆောင်စည်းရုံးမှုကိုနားယောင်ပြီး မိဘများအား ကျောင်းသို့သွားမည်ဟု အကြောင်းပြကာ စေတမာန် Express ကားဖြင့် ရန်ကုန်မှ တောင်ငူမြို့သို့ လိုက်ပါခဲ့ကြကြောင်း။
- ဇန်နဝါရီလ ၃၀ ရက်တွင် တာဝန်သိပြည်သူများ၏ ဖြောင်းဖျမှုကြောင့် မိဘများထံသို့ဖုန်းနှင့် ပြန်လည်ဆက်သွယ်မှု ရယူခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အေးသင်စား

# အကြမ်းဖက်သင်တန်းတက်ရောက်ရန် သွားရောက်သည့် မော်ဘီမြို့နယ်၊ အထက(ရွှေမြဲယာ)မှ ကျောင်းသား ၈ ဦးအနက် ၅ ဦးပြန်လည်ရောက်ရှိမှု




သောက်ဆိုင်၌ အပြစ်မဲ့ကျောင်းသား ၈ ဦးအနက် ၅ ဦးအား ပြန်လည်တွေ့ရှိခဲ့သဖြင့် ခေါ်ဆောင်ကာ မိဘများ၏ရင်ခွင်သို့ ပြန်လည်ပို့ဆောင် အပ်နှံပေးခဲ့ကြောင်းနှင့် ကျန်ကျောင်းသား ၃ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ဆက်လက်ရှာဖွေစုံစမ်းလျက်ရှိကြောင်း။

CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ ညွှန်ကြားချက်ဖြင့် PDF အကြမ်းဖက်အဖွဲ့မှ အပြစ်မဲ့ကျောင်းသားလူငယ်များအား မဟုတ်မမှန်လုပ်ကြံစည်းရုံးကာ အကြမ်းဖက်လုပ်ငန်းများ၌ အသုံးချလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ကျောင်းသား၊ မိဘ၊ ဆရာ သုံးဦးသုံးဖလှယ် ပေါင်းစပ်၍ ကျောင်းသားလူငယ်များ လမ်းမှားမရောက်စေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်၊ တာဝန်သိမိဘပြည်သူများအနေဖြင့်လည်း သတင်းရရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့သွားရန်နှင့် အပြစ်မဲ့ကျောင်းသားများအား စည်းရုံးအသုံးချနေသည့် အကြမ်းဖက်သမားများကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်၍ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**

- **CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ ညွှန်ကြားချက်ဖြင့် မဟုတ်မမှန်လုပ်ကြံဆွဲဆောင်စည်းရုံးမှုကြောင့် ကယားပြည်နယ်ဘက်သို့ ထွက်ခွာလာသည့် ကျောင်းသား ၅ ဦးအား မိဘရင်ခွင်သို့ ပြန်လည်ပို့ဆောင်အပ်နှံခဲ့။**
- **ကျန်ကျောင်းသား ၃ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ ဆရာမများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ဆက်လက် ရှာဖွေစုံစမ်းလျက်ရှိ။**
- **အပြစ်မဲ့ကျောင်းသားများအား စည်းရုံးအသုံးချနေသည့် အကြမ်းဖက်သမားများကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်၍ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်။**

## PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ နေအိမ် ၂၀၀ လုံးခန့် မီးလောင်ပျက်စီး



**PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီး နေမှု**

PDF အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များတွင် ပူးပေါင်းပါဝင်ရန် စည်းရုံးခဲ့သော်လည်း အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များက ပူးပေါင်းပါဝင်ခြင်းမရှိသဖြင့် ဇန်နဝါရီလ ၃၀ ရက်တွင် အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လာခဲ့ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပါသည်။

ထိုသို့ဖြစ်ပွားနေစဉ် ကျေးရွာအနီးရှိ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် သွားရောက်ပူးပေါင်း၍ အကြမ်းဖက်သမားများအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ အထိနာခဲ့ပြီး ကျေးရွာအား မီးရှို့ထွက်ပြေးခဲ့သဖြင့် ကျေးရွာရှိနေအိမ် ၂၀၀ လုံးခန့် မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

အင်မထီးကျေးရွာရှိနေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့နေမှုကို ရွာသူရွာသားများအနေဖြင့် ၎င်းတို့ကိုယ်တိုင်မျက်မြင်တွေ့ရှိခဲ့ရသဖြင့် လက်နက်အားကိုးဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်ခံရမှုကြောင့် ၎င်းတို့၏စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရမှုအပေါ် လွန်စွာစိတ်ထိခိုက်ကြေကွဲလျက်ရှိပြီး PDF အကြမ်းဖက်သမားများအား နာကျည်းမုန်းတီးလျက်ရှိပါသည်။

အဆိုပါအကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီလ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်




**PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မှတ်တမ်းဓာတ်ပုံများ**



**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက အကြမ်းဖက်မီးရှို့ခံရသည့် ကျေးရွာသူ/ကျေးရွာသားများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးနေမှု**

တာဝန်ရှိသူများက သွားရောက်၍ ကျေးရွာသူ/ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင် ရွက်ပေးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာသူ/ကျေး ရွာသားများအား နေအိမ်များတွင် အေးချမ်းစွာပြန်လည်နေထိုင် ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါသည်။

NUG၊ CRPH နှင့် PDF အကြမ်းဖက်သမားများသည် အဆိုပါအကြမ်းဖက်လုပ်ရပ်များကို မကြာခဏကျူးလွန်လုပ် ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိ သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတွင်းတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် နယ် မြေခံပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လိုအပ် သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

**(မြဝတီသတင်းစာ ၁-၂-၂၀၂၂)**




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်၍ ကျေးရွာသူ/ ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေးစကားပြောကြားနေမှု

- PDF အကြမ်းဖက်အဖွဲ့များသည် ပုလဲမြို့နယ်၊ အင်းမထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များအား ၎င်းတို့နှင့်ပူးပေါင်းပါဝင်ခြင်းမရှိသည့်အတွက် အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်ခဲ့ရာမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး PDF အကြမ်းဖက်သမားများက ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးကာ ထွက်ပြေးသွားခဲ့သဖြင့် ကျေးရွာရှိ နေအိမ် ၂၀၀ လုံးခန့် မီးလောင်ပျက်စီးခဲ့။
- အင်မထီးကျေးရွာရှိနေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့နေမှုကို ရွာသူရွာသားများအနေဖြင့် ၎င်းတို့ကိုယ်တိုင်မျက်မြင်တွေ့ရှိခဲ့ရသဖြင့် လက်နက်အားကိုးဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်ခံရမှုကြောင့် ၎င်းတို့၏စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရမှုအပေါ် လွန်စွာစိတ်ထိခိုက်ကြေကွဲလျက်ရှိပြီး PDF အကြမ်းဖက်သမားများအား နာကျည်းမုန်းတီးလျက်ရှိ။
- PDF အကြမ်းဖက်အဖွဲ့များ မီးရှို့ခဲ့သည့် ကျေးရွာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး၍ လိုအပ်သည်များ ထောက်ပံ့ပေးအပ်ခဲ့။

## လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်အား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး လူနာတင်ယာဉ်အား မီးရှို့





လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်အား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု

ဇန်နဝါရီလ ၃၁ ရက်တွင် မြစ်ကြီးနားမြို့၊ ရင်စိန် သည့် ဝိုင်းမော်မြို့နယ်၊ ခတ်ချိုရွာနေ ဦးဒီလေး၏ ကျန်းမာဆေးရုံ၌ သွေးကြောပိတ်ရောဂါဖြင့် ဆေးကုသမှုခံယူလျက်ရှိ ရေးအခြေအနေအရ မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပြောင်း

## PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် ပရဟိတသမားနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



ဦးဆန်းနိုင်(သေဆုံး)



ဦးအောင်ဖြိုးဦး (မစိုးရိမ်ရဒဏ်ရာ)

ရွှေ့ကုသရန် သူနာပြုဆရာမ မသင်းနုအေးနှင့်အတူ မြစ်ကြီးနားမြို့ရှိ "ရောဝတီဂရုဏာ" လူမှုရှာဖွေကယ်ဆယ်ရေးအသင်းပိုင် အဖြူရောင်ယာဉ်ဖြင့် မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်နေ ကိုဆန်းနိုင်မောင်းနှင်ပြီး အကူယာဉ်မောင်းဖြစ်သူ ကိုအောင်ဖြိုးဦးတို့နှင့်အတူ ထွက်ခွာလာခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁ ရက်တွင် ထီးချိုင့်မြို့နယ်၊ ဇီးဖြူကျင်းကျေးရွာနှင့် ဘိုတဲကုန်းကျေးရွာအကြားအရောက်၌ လက်နက်များကိုင်ဆောင်ထားသည့် PDF အကြမ်းဖက်သမားများက လူနာတင်ယာဉ်အားတားဆီးသဖြင့် ယာဉ်မောင်း ကိုဆန်းနိုင်မှာ လူနာအရေးကြီးနေသဖြင့် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ခဲ့ရာ အကြမ်းဖက်သမားများက လူနာတင်ယာဉ်အား သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်း ကိုဆန်းနိုင်တွင် နဖူးနှင့် ဝဲလက်ဖျံတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အကူယာဉ်မောင်းဖြစ်သူ ကိုအောင်ဖြိုးဦးတွင် ကျောကုန်းဝဲဘက် ကျည်ထိမှန်ဒဏ်ရာနှင့် ဝဲပါးကျည်ရှပ်ထိဒဏ်ရာတို့ရရှိခဲ့ပြီး လူနာတင်ယာဉ်၏ ရှေ့လေကာမှန်၊ ဝဲ/ယာလေကာမှန်တို့ ကွဲအက်၍ ကားရှေ့ဘီး ၂ လုံးတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။

သေဆုံးဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်း၊ အကူယာဉ်မောင်းနှင့် ဆေးရုံလွှဲပြောင်းကုသရမည့် ဦးဒီလေးတို့အား သူနာပြုဆရာမမှ လမ်းကြုံယာဉ်ဖြင့် တင်ဆောင်ကာ ထီးချိုင့်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဒီလေးနှင့် သူနာပြုဆရာမတို့အား မန္တလေးမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အကြမ်းဖက်သမားများ၏ ပစ်ခတ်ခဲ့မှုကြောင့် အခင်းဖြစ်နေရာတွင်ကျန်ရှိခဲ့သည့် လူနာတင်ယာဉ်အားသယ်ဆောင်ရန် သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာနှင့်ကိုက် ၃၀၀ ခန့်အကွာလမ်းဘေး၌ အဆိုပါလူနာတင်ယာဉ်အား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသဖြင့် မီးလောင်ပျက်စီးနေသည်ကို တွေ့ရှိခဲ့ရပါသည်။

PDF အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် မီးသတ်ယာဉ်များ၊ ပရဟိတယာဉ်များနှင့် အများပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများအား ကူညီစောင့်ရှောက်မှုပေးသည့် လူမှုကူညီရေးယာဉ်များနှင့် လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းများသည် နိုင်ငံတကာမှ လက်မခံနိုင်သည့် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပါသည်။ ၎င်းတို့လုပ်ရပ်များအား ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် နိုင်ငံတကာအနေဖြင့်လည်း စစ်ရာဇဝတ်မှုကျူးလွန်သည့် PDF အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂-၂-၂၀၂၂)

- **PDF အကြမ်းဖက်သမားများက ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသရမည့် လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်းသေဆုံးကာ အကူယာဉ်မောင်း ထိခိုက်ဒဏ်ရာရရှိခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ၏ ပစ်ခတ်ခဲ့မှုကြောင့် အခင်းဖြစ်နေရာတွင် ကျန်ရှိခဲ့သည့် လူနာတင်ယာဉ်အားသယ်ဆောင်ရန် သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာနှင့် ကိုက် ၃၀၀ ခန့်အကွာ လမ်းဘေး၌ အဆိုပါလူနာတင်ယာဉ်အား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသဖြင့် မီးလောင်ပျက်စီးနေသည်ကို တွေ့ရှိခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH/ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများဆောင်ရွက်ခဲ့ရာ -

- ဇန်နဝါရီလ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁ ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁ ဦး စုစုပေါင်း ၂၃ ဦး။
- ဖေဖော်ဝါရီလ ၁ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂ ဦးနှင့် ကချင်ပြည်နယ်တွင် ၁ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁ ရက်ထိ စုစုပေါင်း ၁၀၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၂-၂၀၂၂)**

- **အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိ။**
- **အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားခံ ၁၀၁ ဦးအား တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့။**